# မြန်မာနိုင်ငံသားများဘဏ်မှ Mr.Godfrey Swain အား အမှုဆောင်အရာရှိချုပ်အဖြစ်ခန့်အပ်ကြောင်းကြေညာခြင်း။

**၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၊ ရန်ကုန် -** Mr.Godfrey Swain အား ဘဏ်၏အမှုဆောင်အရာရှိချုပ်အဖြစ်ခန့်အပ်ကြောင်း မြန်မာနိုင်ငံသားများဘဏ် (MCB) မှ ကြေညာခဲ့ပါသည်။ Mr.Godfrey Swain သည် အကြီးစားနှင့် အလတ်စားဘဏ်များ၊ Bancassurance အဖွဲ့အစည်းများတွင်သိသာထင်ရှားပြီး အတွေ့အကြုံရှိသောအသက်မွေးဝမ်းကျောင်းဘဏ်လုပ်ငန်းလုပ်ကိုင်သူဖြစ်သည်။ သူသည် ဥရောပ၌စတင်အခြေစိုက်ခဲ့ပြီး နှစ်ပေါင်း (၂၀) ခန့် အကြီးတန်းအမှုဆောင်အရာရှိအဖြစ် အတွေ့အကြုံများစွာဖြင့် လုပ်ဆောင်ခဲ့သူဖြစ်သည်။ ပထမဆုံး HSBC Life Assu- -rance (Malta) ၏ CEO နှင့် Managing Director အဖြစ်နဲ့ စတင်တာဝန်ထမ်းဆောင် ခဲ့ပြီးနောက်ပိုင်း ထပ်မံ၍ Country Head of Personal Financial Service (PFS) and Marketing အဖြစ်လည်း အာရှပစိဖိတ်ဒေသသို့မသွားမီထိ ဆက်လက်ဆောင်ရွက်ခဲ့သေးသည်။ အာရှ၌ Mr.Swain သည်အစဦးဆုံး Japan နိုင်ငံတွင် Managing Director အဖြစ် Retail Banking and Wealth Management (RBWM) အတွက် ( ၂ ) နှစ် ကြာထမ်းဆောင်ခဲ့ပြီးနောက် HSBC Vietnam တွင်လည်း လက်လီဘဏ်လုပ်ငန်းဖွံ့ဖြိုးရေးလုပ်ဆောင်မှုများတွင် (၄) နှစ်နီးပါးဦးဆောင်ပြီး ဖွံ့ဖြိုးဆဲဈေးကွက်တွင် သိသာထင်ရှားသည့်အတွေ့အကြုံများရရှိခဲ့သည်။ ဆက်လက်ပြီး ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းပြည်တွင်းဘဏ်တစ်ခုဖြစ်သည့် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာဘဏ် (VIB) တွင် Deputy CEO အပြင်၊ Head of Retail Banking and Marketing အနေဖြင့်လည်းနောက်ထပ်နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ သေးသည်။ Mr.Swain သည် ယခင်က ဩစတြေးလျ၊ ဥရောပနှင့် မြောက်အာဖရိကရှိ အသက်အာမခံနှင့် လေကြောင်းလုပ်ငန်းများတွင်လည်းလုပ်ကိုင်ခဲ့ပြီး တိုက်ကြီးလေးတိုက်တွင်နှစ်ပေါင်း (၃၀) ကျော်စီမံခန့်ခွဲမှုလုပ်ငန်းနေ ရာများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဖွံ့ဖြိုးဆဲဈေးကွက်များရှိငွေကြေးလုပ်ငန်းနှင့် ရင်းနှီးမြုပ်နှံမှုလုပ်ငန်းများတွင် အတွေ့အကြုံများစွာဖြင့်အကျိုးပြုလုပ်ဆောင်ခဲ့သည်။

"လူဦးရေ (၅၅) သန်းကျော်ရှိထားတဲ့မြန်မာနိုင်ငံရဲ့ အရှိန်အဟုန်မြင့်တိုးတက်ပြောင်းလဲနေတဲ့ဘဏ်လုပ်ငန်းဖွံ့ဖြိုးရေးကဏ္ဍတွေနဲ့အတူ MCB ဘဏ်ရဲ့စိတ်လှုပ်ရှားစရာပြုပြင်ပြောင်းလဲရေးကာလမှာ စတင်လုပ်ကိုင်ခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ ဂုဏ်ယူရပါတယ်။ ကျွန်တော်တို့မှာ ပွင့်လင်းမြင်သာမှုနဲ့ကိုယ်ကျင့်သိက္ခာကောင်းမွန်မှုရှိတဲ့ အဖွဲ့အစည်းရဲ့ခိုင်မာတဲ့စီမံခန့်ခွဲအုပ်ချုပ်မှုနဲ့အတူ အချင်းချင်းပံ့ပိုးကူညီပြီး အချိတ်ဆက်မိမိအကောင်းဆုံးကြိုးစားလုပ်ကိုင်ကြတဲ့အဖွဲ့ဝင်များနဲ့ ကောင်းမွန်တဲ့ပတ်ဝန်းကျင်တစ်ခုရှိပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လာမယ့်နှစ်ကာ

လများအတွင်းမှာ မြန်မာနိုင်ငံသားများဘဏ်ကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားတိုင်းရွေးချယ်ရာဘဏ်တစ်ခုဖြစ်လာဖို့ အကောင်းဆုံးခေါင်းဆောင်မှုများနဲ့အတူ ကြိုးစားဦးဆောင်သွားဖို့ ရည်ရွယ်ထားပါတယ်” ဟု Mr. Godfrey Swain မှ ပြောကြားသည်။ ဆက်လက်ပြောကြားချက်အရ “MCB ဘဏ်ဟာ နိုင်ငံအနှံ့မှာရှိတဲ့ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနဲ့ ချိတ်ဆက်ထားပြီး အကောင်းဆုံးပံ့ပိုးပေးနေတဲ့၊ နိုင်ငံရဲ့ခိုင်မာတဲ့စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသော SME ဆိုင်ရာလုပ်ကိုင်ဆောင်ရွက်မှုများကို အထူးပံ့ပိုးပေးနေတဲ့လူသိများပြီးဖြစ်တဲ့ဘဏ်ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တစ်ဘက်မှာ Retail Baking ပိုင်းကိုအကောင်းဆုံးတိုးတက်မှုများနဲ့ထူထောင်ရင်း၊ Corporate Banking ပိုင်းကို မြန်မြန်ဆန်ဆန်နဲ့တိုးတက်မှုရှိအောင်လုပ်ကိုင်နေစဉ်တစ်ချိန်တည်းမှာပဲ ဈေးကွက်ဦးဆောင်သူနေရာမှာရှိထားနိုင်ဖို့ SME ဘဏ်လုပ်ငန်းမှာလည်းဆက်လက်မြှုပ်နှံလုပ်ကိုင်သွားမှာဖြစ်ပါတယ်။ ဒီဂျစ်တယ်ကူးပြောင်းမှုပုံစံနဲ့ဘဏ်လုပ်ငန်းများ၊ ဘဏ်ခွဲကွန်ယက်များတိုးချဲ့မှုတွေကတဆင့် အဓိကအရေးအကြီးဆုံးဖြစ်တဲ့ဘဏ်ဝန်ဆောင်မှုများနေရာဒေသအနှံ့အပြားဖြန့်ကျက်ရောက်ရှိအောင်ပြုလုပ်ခြင်းဖြင့်ဘဏ်ရဲ့ရည်မှန်းချက်များပြည့်မီစေရေး တိုးမြှင့်နိုင်မှာဖြစ်ပါတယ်။”

ဆက်လက်ပြီး MCB ဘဏ်၏ဥက္ကဋ္ဌဖြစ်သူဦးတိုးအောင်မြင့်က “Mr.Godfrey Swain ကို ကျွန်တော်တို့ရဲ့ အမှုဆောင်အရာရှိချုပ်အသစ်အဖြစ်ခန့်အပ်ရတဲ့အတွက် ဒါရိုက်တာအဖွဲ့အနေနဲ့အထူးဝမ်းမြောက်ရပါတယ်။ သန်းပေါင်းများစွာသောစီးပွားရေးလုပ်ကိုင်သူများနဲ့ လုပ်ငန်းများစွာ ငွေကြေးအရပါဝင်လာပြီး တိုးတက်မှုမြန်ဆန်တဲ့ဈေးကွက်အတွင်းမှာ MCB ဘဏ်အနေနဲ့အရှိန်ဟုန်မြင့်တိုးတက်မှုများနဲ့အတူ Commercial Banking၊ SME နဲ့ Retail Banking ကဏ္ဍတွေမှာသိသိသာသာတိုးတက်မယ့်အလားအလာကို တွေ့ထားပါတယ်။ Mr. Swain ရဲ့ ကမ္ဘာ့ဈေးကွက်ဆိုင်ရာစီးပွားရေးလုပ်ငန်းဆိုင်ရာအတွေ့အကြုံတွေ၊စိတ်အားထက်သန်မှုများ၊ဘဏ်လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုများနဲ့ဦးဆောင်နိုင်စွမ်းတွေက ဘဏ်ရဲ့တိုးတက်ရေးဆိုင်ရာရည်မှန်းချက်တွေအတွက် အထောက်အပံ့များစွာဖြစ်စေမှာပါ။ ကမ္ဘာ့ဘဏ်အဖွဲ့အစည်းရဲ့ အဖွဲ့ဝင်ဖြစ်တဲ့ နိုင်ငံတကာငွေကြေးအဖွဲ့အစည်း (IFC) ကို အကြံပေးအဖြစ်ထားရှိပြီး ဘဏ်လုပ်ငန်းဆောင်ရွက်ချက်များနှင့် အခြားပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်နေတဲ့ အခြေအနေ၊ အနာဂတ်အာမခံချက်ပေးနိုင်မယ့်အဓိကအခြေပြုဆောင်ရွက်မှုများကို ဖန်တီးနေတဲ့ MCB ဘဏ်ရဲ့အရေးအကြီးဆုံးအချိန်အခါမှာ ယခုလိုအမှုဆောင်အရာရှိချုပ်ခန့်အပ်မှုဟာ ကျွန်တော်တို့ MCB ဘဏ်အနေနဲ့ အလွန်အရေးပါပြီး အဓိကကျတဲ့အချက်တစ်ခုဖြစ်လာပါတယ်။”

## မြန်မာနိုင်ငံသားများဘဏ် အကြောင်း

၁၉၉၂ ခုနှစ်တွင် တည်ထောင်သော မြန်မာနိုင်ငံသားများဘဏ်သည် နိုင်ငံရဲ့အစောဆုံးဘဏ်များထဲမှ တစ်ခု ဖြစ်ပြီး၊ ပထမဆုံး ပုဂ္ဂလိကစီးပွားရေးဘဏ်လည်းဖြစ်ပါသည်။ ဘဏ်တွင်တစ်ဦးချင်းရှယ်ယာရှင်ပေါင်း (၂၀၀၀)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကော်ပိုရေးရှင်း (၆) ခုနှင့် တစ်ဦးပိုင်လုပ်ငန်းရှင်များအပါအဝင် အမျိုးမျိုးသောရှယ်ယာရှင်များပါဝင်ထားပါသည်။ ချေးငွေများ၊ စာရင်းပိုထုတ်ချေးငွေများ၊ အငှားဝယ် ဝန်ဆောင်မှုများ၊ ငွေလွှဲဝန်ဆောင်မှုများ၊ နိုင်ငံတကာကုန်သွယ်ရေးဝန်ဆောင်မှုများနှင့် အပ်ငွေဝန်ဆောင်မှုများစသည်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် ဝန်ဆောင်မှု၊ Product အမျိုးမျိုးဖြင့် SME နှင့် Retail ကဏ္ဍများတွင် တက်ကြွစွာလုပ်ကိုင်လျက်ရှိပါသည်။ ပိုင်ဆိုင်မှုအားဖြင့် ၂၀၂၀ ခုနှစ်၌ နိုင်ငံအတွင်းရှိ မြို့ (၂၆) မြို့တွင် ဘဏ်ခွဲပေါင်း (၄၆)ဘဏ်၊ ဝန်ထမ်းအင်အားပေါင်း (၁၀၀၀) ကျော်ရှိထားသော Mid-Tier ဘဏ်တစ်ခုဖြစ်ပါသည်။ MCB သည် နိုင်ငံတကာစံနှုန်းနှင့်အညီ ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ၊ ဝန်ဆောင်မှု Product များ ခိုင်မာစွာဖန်တီးနိုင်စေရန်အတွက် သိသာသောခြေလှမ်းများဖြင့် ခေတ်မီတိုးတက်သောဘဏ်အဖြစ်ပြောင်းလဲမှုများလုပ်ဆောင်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွင်း ရန်ကုန်စတော့အိတ်ချိန်းတွင် ပထမဆုံးစာရင်းဝင်ဘဏ်ဖြစ်ခဲ့ပြီး၊ ခိုင်မာသောကိုယ်ကျင့်သိက္ခာ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုများဖြစ်ထွန်းစေမည့် ခိုင်မာသောစီမံခန့်ခွဲမှုပုံစံဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဘဏ်ဖြစ်ပါသည်။

**ဆက်သွယ်ရန်-**

မခိုင်ဇင်ဝင်း

ဖုန်း - ၀၉၇၉၈၄၁၆၆၅၂

Email: khynezinwin@mcb.com.mm